ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ပျားကန်ကျေးရွာ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၁ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၃ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၄ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၅ |

# လွိုင်ကော်မြို့နယ်မြေပုံ


လွိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြံရူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရို | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး
(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-**ပျားကန်** ရက်စွဲ ၁၃.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

ပျားကန်ကျေးရွာရှိ ရွာသူရွာသားများသည် ယခင်ကဒီးမော့ဆိုမြို့နယ်၊ ဂါဘန်းဘလို ကျေးရွာတွင်နေထိုင်ခဲ့ကြသည်၊ ထိုအရပ်တွင်အလုပ်အကိုင်နှင့် မြေယာရှားပါးမှုကြောင့် ထီးဒြပယ်ကျေးရွာ သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်၊ ထိုကျေးရွာတွင်နှစ်စဉ်နှစ်တိုင်း မီးလောင်မှုဖြစ်ပွား ခဲ့သဖြင့်တဖန်ဒေါတလျာဒဲ့ကျေးရွာသို့ ထပ်မံပြောင်းရွှေ့ခဲ့ရပါသည်။ ထိုသို့ ဒေါကလျာဒဲ့ကျေးရွာ တွင်လည်း (၇၂)တပ်ရင်းတည်ထောင်ရန် အမိန့်ကျလာသည့်အတွက် လောပိတကျေးရွာအုပ်စုတွင် ပျားကန်ကျေးရွာအဖြစ် ရွာသစ်တည်ထောင်ကာ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။

ပျားကန်ကျေးရွာသည် နယ်မြေအခြေအနေအရ လောပိတကျေးရွာအုပ်စုမှ ၁၉၉၀ ခုနှစ်၊ မေလ(၂၇)ရက်နေ့ တွင်နွားလပိုးကျေးရွာအုပ်စု ဥက္ကဌ ဦးဖြေရယ် ၊အတွင်းရေးမှူး ဦးကိုရယ် နှင့် တာဝန်ရှိသူများ၏စီမံဆောင်ရွက်မှုဖြင့်ပြောင်းရွှေ့ဝင်ရောက်လာသောရွာရှောင်ကျေးရွာဖြစ်ပါသည်။

စတင်ပြောင်းရွှေ့လာစဉ်က လူဦးရေအတော်အသင့်များပြားသော်လည်း နယ်မြေ အသစ်သို့ပြောင်းရွှေ့လာရခြင်းဖြစ်လာရခြင်းဖြစ်သောကြောင့် လုပ်ကိုင်စားသောက်ရန် မြေရှာဖွေရာ တွင်အခက်အခဲရှိသဖြင့် အချို့မှာ အခြားဒေသများသို့ ထပ်မံပြောင်းရွှေ၍သွားကြပါသည်။ လက်ရှိ ပျားကန်ကျေးရွာ၏ လူဦးရေစာရင်းမှာ ကျား(၇၀)ဦး ၊မ(၆၉)ဦး ၊ စုစုပေါင်း(၁၃၉)ဦး ရှိပါသည်။

ပျားကန်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ခဲ့ကြသောတောင်သူများ ဖြစ်သော်လည်း ကိုယ်ပိုင် စိုက်ပျိုးမြေများမရှိသဖြင့် အနီးအနားရှိ ကျေးရွာ၏တောင်ယာများကို လုပ်အားအငှားလိုက်ရခြင်းသော်လည်းကောင်း၊ စိုက်ပျိုးမြေငှားရမ်းရခြင်းသော် လည်းကောင်း လုပ်ကိုင်ကြပါသည်၊ အချို့မှာတစ်နေ့လုပ်တစ်နေ့စားကြုံရာကျဘမ်း အလုပ်လုပ်ကိုင်ကြပါသည်၊ အထူးသဖြင့် လူငယ်များသည် အခြားမြို့နယ်သို့လည်းကောင်း၊ နိုင်ငံရပ်ခြားသို့လည်းကောင်း အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ ပျားကန်ကျေးရွာအတွင်း ကျန်းမာရေးကော်မတီ ဖွဲ့စည်းထားရှိပါသည်။ အခါအားလျော်စွာ သွေးစစ်ခြင်း(ငှက်ဖျား/ဆီးချို/သွေးချို)ပြုလုပ်ပေးပါသည်။ ၂၀၁၀ ခုနှစ်တွင် ကျေးရွာများကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ပြသကြပါသည်။ ယခုလက်ရှိပျားကန်ကျေးရွာတွင် အိမ်ခြေ (၂၄)အိမ်ရှိပြီး ကယား၊ ကယန်း၊ ကရင်၊ ကယော၊ ဂေဘား စသော လူမျိုးများနေထိုင်ကြပါသည်။


**မှတ်တမ်းတင်သူ**
အမည် - ဒေါ်နော်ထူးထူးအောင်
ရာထူး- လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၂၀၁၇.၁၀.၃၀ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၁၃ | ၁၀ | ၂၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂။ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၂၀၁၇.၁၀.၃၀ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၁၃ | ၁၀ | ၂၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံ စံနှုန်း များ သတ် မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၇.၁၀.၃၀ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၃ | ၁၀ | ၂၃ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့်ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၂၀၁၇.၁၀.၃၀ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၃ | ၁၀ | ၂၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(SPider Web) | ၂၀၁၇.၁၀.၃၀ | အမျိုးသမီး၊အမျိုးသားများ | ၁၃ | ၁၀ | ၂၃ | အမျိုးသမီး၊အမျိုးသားများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၂၀၁၇.၁၀.၃၀ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၁၃ | ၁၀ | ၂၃ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

# ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော်    ကျေးရွာအုပ်စု-နွားလပိုး    ကျေးရွာ-ပျားကန်    ရက်စွဲ -၁၃.၁၀.၂၀၁၇



ပါဝင်ဆွေးနွေးသူ -

ကျား -    ၁၄

မ   -    ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ပျားကနဲကျေးရွာတွင် အိမ်ခြေ (၂၄) အိမ် ရှိပြီး ကယား၊ကယန်း၊ကရင်၊ကယော၊ဂေဘား စသော လူမျိုးများနေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သောကျေးရွာဖြစ်ပါသည်။ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိက လုပ်ကိုင် ပြီး အသက်မွေးကြသောကျေးရွာဖြစ်ပါသည်။ တောင်ယာများတွင် ပြောင်း၊ ပဲစဉ်းငုံတို့ကို အဓိကစိုက်ပျိုးပြီးပဲအမျိုးမျိုး၊ ဖရုံသီး၊ သခွားသီးစသည့်တို့ကို အိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုး ကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအ မှီပြုမိသားစု၏စားဝတ်နေရေး ပြဿနာကိုဖြေရှင်းကြရပါသည်။ပဲစဉ်းငုံနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ ပျားကနဲကျေးရွာရှိ ရွာသူ၊ရွာသား များသည် စိုက်ပျိုး ရေးကို အဓိကထား လုပ်ကိုင်ခဲ့ကြသောတောင်သူများ ဖြစ်သော်လည်း ကိုယ်ပိုင် စိုက်ပျိုးမြေများမရှိသဖြင့် အနီးအနားရှိ ကျေးရွာ၏တောင်ယာများကို လုပ်အားအငှား လိုက်ရခြင်းသော်လည်းကောင်း ၊ စိုက်ပျိုး မြေငှား ရမ်း ရခြင်းသော်လည်းကောင်း လုပ်ကိုင်ကြပါသည်၊ အချို့မှာ တစ်နေ့လုပ်တစ်နေ့စားကြုံရာကျဘမ်း အလုပ်လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းများသွားရောက် လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက်၊ ဝက်မွေးမြူခြင်း၊ခြံအဌားလိုက်ရှင်းလင်းခြင်းဖြင့်ဝင်ငွေ ရရှိအောင်ဆောင်ရွက် ကြပါသည်။ ကျေးရွာလူထုများသည် အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင်ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။

ပျားကနဲကျေးရွာတွင် စာသင်ကျောင်းများ ဆေးပေးခန်းများမရှိပါ။ ကလေးများသည် ရွာအနီးရှိ ထီးသူးကူးအလယ်တန်းစာသင်ကျောင်းတွင်ပညာသင်ယူကြပါသည်။ အထက်တန်းပညာရပ် များကို နွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူကြရပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီးအခက်အခဲများရှိပါကကိုယ်ဝန် ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စုကျေးလက်ကျန်းမာရေး ဌာနခွဲတွင် သွားရောက်ဆေးကုသမှုခံယူကြပြီး အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီး တွင်သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများ ဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင် အိမ်ခြေနည်းသော်လည်း ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ်   လှိုင်ကော်   ကျေးရွာအုပ်စု-နွားလပိုး   ကျေးရွာ-ပျားကနဲ   ရက်စွဲ ၁၃.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ထော်လော်ဂျီ၊ ဆိုင်ကယ်၊ ကိုင်းရှည်ထွန်စက်၊ ဖုန်း၊စက်ဘီး၊နွားလှည်း၊ နွား(၄) ကောင်၊ တိုက်အိမ် ၊ဖုန်း၊ တီဗီ၊တောင်ယာ (၂၀)ကေ ပန်းရံ၊လက်သမား | ၅ | ၂၀.၉ % |
| အလယ်အလတ် | ဆိုင်ကယ် ၊ စက်ဘီး၊နွား (၂)ကောင်၊တီဗီ၊ ပျဉ်ထောင်အိမ်၊ဖုန်း၊ တောင်ယာ (၁၅)ကေ၊ ပန်းရံ၊လက်သမား | ၁၁ | ၄၅.၈% |
| ဆင်းရဲ/နွမ်းပါး | ဝါးထရံကာအိမ်၊စက်ဘီး၊ဆိုင်ကယ်၊ ဖုန်း၊ နေ့စားလုပ်သား ၊နွား (၂)ကောင် ၊တောင်ယာ (၈)ကေ | ၈ | ၃၃.၃ % |
| | **စုစုပေါင်း** | ၂၄ | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ -**

ကျား -   ၁၄

မ   -   ၂၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး









# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ပျားကနဲကျေးရွာ၏ ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်၊ အိမ်ခြေနှင့်အိမ်ထောင်စုအရေအတွက်(၂၄)အိမ်ရှိသည့်အနက် အိမ်ခြေ(၅)မှာ ချမ်းသာအဆင့်၊ အိမ်ခြေ(၁၁)မှာအလယ်အလတ်အဆင့်တွင်ရှိပြီးအိမ်ခြေ(၈)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၅) အိမ်မှာ ထော်လော်ဂျီ၊ ဆိုင်ကယ်၊ ကိုင်းရှည်ထွန်စက်၊ ဖုန်း၊စက်ဘီး၊နွားလှည်း၊ နွား(၄) ကောင်၊ ဖုန်း၊တီဗီ၊ တောင်ယာ (၂၀)ကေပန်းရံ၊ လက်သမား လုပ်ငန်းကျွမ်းကျင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်ဖြင့်နေထိုင် ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၁၁) အိမ်တွင် ဆိုင်ကယ်၊ စက်ဘီး၊ နွား (၂)ကောင်၊ တီဗီ၊ ဖုန်း၊ တောင်ယာ(၁၅)ကေ၊ ပန်းရံ၊ လက်သမား ကျွမ်းကျင်သူများဖြစ်ပြီး နေအိမ်အနေအထားမှာ ပျဉ်ထောင်အိမ်နှင့် သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဂတ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၈) အိမ်မှာ စက်ဘီး၊ ဆိုင်ကယ်၊ ဖုန်း၊ ၊နွား (၂)ကောင် ၊တောင်ယာ (၈)ကေနှင့် နေ့စားလုပ်သားများဖြစ်ပြီး နေအိမ်အနေအထားမှာ ဂါးထန်းရံအိမ်ဖြင့်သာနေ ထိုင်ကြပါသည်။ ဤအဆင့်တွင်ရှိသော အချို့မိသားစု မှာလည်းတောင် ယာပိုင်ဆိုင်မှုမရှိသောသူမိသားစုများလည်းရှိပါသည်။

ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့် စားဂတ်နေရေးမပြေလည်သည့် အကြောင်းအရင်းမှာ တောင်ယာပိုင်ဆိုင်ပိုင်ဆိုင်မှုနည်းပါးခြင်း၊ အလုပ်အကိုင်တည်တကျမရှိခြင်း၊ ဗဟုသုတနည်းခြင်း၊ အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ အချို့သောသူများ မှာလယ်ယာမဂယ်နိုင်ခြင်းနှင့် ရင်းနီးငွေမရှိခြင်းတို့ကြောင့်စားဂတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဂတ်နေရေးမပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီနားသော အချိန်တွင် ပန်းရံလက်သမားလုပ်ငန်းများလုပ်ကိုင်ကြပြီး စားဂတ်နေရေးပြေလည်စေရန် တစ်ဖက်တစ်လှမ်းမှ ဂင်ငွေ ရရှိစေရန် ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။မိုးခေါင်ရေရှားပြီး ရာသီဉတု ဖောက်ပြန်သောနှစ်တွင် စိုက်ပျိုးသီးနှံပျက်စီးခြင်း၊ အထွက်နည်းခြင်းကြောင့် တောင်ယာဧကအနည်းငယ်သာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စားဂတ်နေရေးအခက်အခဲများကြုံတွေ့ကြရပါသည်။ ထိုသို့အခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက်ချေးငှားရပြီး နောက်နှစ်သီးနှံ ပေါ်ချိန်မှသာအကြွေးများပြန်လည် ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စားဂတ်နေရေးအဆင်ပြေပြီးမိသားစုအတွက် တစ်နှစ်တာ စားဂတ်နေရေးအတွက် လုံလောက်မှု ရှိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | ပြောင်းစိုက်၊ပဲစဉ်းငုံစိုက်ခြင်း | | | ပေါင်းလိုက်၊ပြောင်းရိတ်သိမ်း | | | | | ပဲစဉ်းငုံရှုး | |
| ဝင်ငွေ | | | | | | | | $$ | $$ | $$ | $$ | |
| ထွက်ငွေ | $ | $$ | $ | | | | $$ | | | | $ | $ |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျော | | | | | | တုတ်ကွေး နာစေးချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | | | | | | | | | ခရစ္စမတ်ပွဲ | နှစ်သစ်ကူးပွဲ | | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါများခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ပျားကန်ကျေးရွာ၏ အဓိက စိုက်ပျိုးသောသီးနှံမှာ ပြောင်း နှင့် ပဲစဉ်းငုံဖြစ်ပြီး ပဲအမျိုးမျိုး၊ ဖရုံသီး၊ သခွားသီးတို့ကိုလည်းအိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ဇွန်လ၊ ဇူလိုင်လတွင်ပြောင်း နှင့်ပဲစဉ်းငုံ စတင်စိုက်ပျိုးကြပြီး ပြောင်းကို နိုဝင်ဘာလတွင်ခူးပြီးဖေဖော်ဝါရီလတွင် ပဲစဉ်းငုံများခူးကြပါသည်။

ဝင်ငွေများအနေဖြင့် ပြောင်း နှင့် ပဲစဉ်းငုံ ရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော နိုဝင်ဘာလမှ ဖေဖော်ရီလ တွင်ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စားအလုပ်များ သွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေများ အနေဖြင့်စိုက်ပျိုးချိန်အတွက်မြေဩဇာများ ၊ မျိုးစေ့များဝယ် ရသောအချိန်တွင်ထွက်ငွေပိုများပါသည်။ ကျန်းမာရေးအနေဖြင့် မေလနှင့်ဇွန်လများတွင် ဝမ်းပျက်ဝမ်းလျော့အဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နှာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေးရောဂါ အဖြစ်များပါသည်။

ပျားကန်ကျေးရွာတွင် အဓိကပွဲတော်များအနေဖြင့် ခရစ္စမတ်ပွဲ နှင့် ကရင်နှစ်သစ်ကူးပွဲ စသည့်တို့ကို အဓိက ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင်ရေတွင်း ရေခမ်းသောကြောင့် သောက်သုံးရာသီရှားပါးသောကာလဖြစ်ပါသည်။ သို့သော်လည်း ပျားကန်ကျေးရွာအတွက် ကျေးလက်ဦးစီးမှ ရေလျောင်ကန်တည်ဆောက်ပေးသောကြောင့် နွေရာသီတွင် သောက်သုံးရေ အဆင်ပြေလာခဲ့ရပါသည်။ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလများတွင် သီးနှံများရိတ်သိမ်းပြီးသော အချိန် ဖြစ်သောကြောင့် အလုပ်ပါးသော အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အချို့သောသူများမှာ နေ့စားပန်းရံ ၊ လက်သမား၊ ခဲကျင်း၊ အလုပ်များသွားရောက်လုပ်ကိုင်ခြင်းဖြင့် ကျေးရွာတွင်အမျိုးသားများက မိသားစု ဝင်ငွေရရှိစေရန် ပိုမိုအလုပ်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာပိုမို အချိန်ကုန်ကြသောကြောင့် ဝင်ငွေရရှိမှုနည်းပါသည်။ ထို့ကြောင့် စားဝတ်နေရေးလုံလောက်မှုမရှိပါ။ ထို့သို့လုံလောက်မှုမရှိသောကြောင့် ချေးငှားရပြီး သီးနှံထွက်သောအချိန်မှသာ အတိုးနှင့် ပြန်လည် ဆပ်ကြရပါသည်။ ထိုနည်းဖြင့်မိသားစုစားဝတ်နေရေးကို အဆင်ပြေစေရန် ဖြေရှင်းခဲ့ကြ ပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
| --- | --- | --- |
| ခြင်းကွင်း | ကြက်၊ဟက်မွေးမြူးခြင်း | ဆိုင်ကယ် |
| ထော်လော်ဂျီ | အိမ်တွင်းမှု | တောင်ယာ |
| ထွန်စက်ကိုင်းရှည် | | တီဗီ |
| | | လမ်း၊ရေတွင်း |
| | | ဘုရားကျောင်း |
| | | ဖုန်း |
| | | လှောင်ကန် |
| | | နွား၊နွားလှည်း |

## အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
| --- | --- | --- |
| ခြင်းကွင်း | ကြက်၊ဟက်မွေးမြူခြင်း | ဆိုင်ကယ် |
| ထွန်စက်ကိုင်းရှည် | အိမ်တွင်းမှု | တောင်ယာ |
| ထော်လော်ဂျီ | | တီဗီ |
| နွားၤနွားလှည်း | | လမ်း၊ရေတွင်း |
| | | ဘုရားကျောင်း |
| | | ဖုန်း |
| | | ရေလှောင်ကန် |

# ပိုင်ဆိုင်မှုသုံးသပ်ချက်

ပျားကနဲကျေးရွာရှိ အမျိုးသားများသည် စက်ပစ္စည်းများဖြစ်သော ထွန်စက်ကိုင်းရှည်၊ထော်လော်ဂျီ၊ ဆိုင်ကယ် စသည့်တို့ကို အမျိုးသားများကသုံးစွဲပြီး အမျိုးသားများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ထို့သို့ အမျိုးသားများသာ ထိန်းချုပ်သုံးစွဲရခြင်းမှာ အမျိုးသားများသည် စက်ပစ္စည်းနှင့် ပတ်သက်ပြီး ပိုမိုနားလည်ပြီး ပြုပြင်တတ်သော ကြောင့်ဖြစ်သည်။ စက်ပစ္စည်း နှင့် ပတ်သက်ပြီးရောင်းဝယ်ရာတွင် အမျိုးသားများပိုမိုနားလည်သော ကြောင့် အမျိုးသားများ ကသာဆုံးဖြတ်ကြပါသည်။ အမျိုးသမီးများသည် ကြက် ၊ ဝက် မွေးမြူရေး၊ စသည့်တို့ကို သုံးစွဲပြီး အမျိုးသမီးများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ကျေးရွာရှိ အမျိုးသားများသည် လက်သမား၊ ပန်း ရံ ကျွမ်းကျင် သောသူများရှိပါသည်။ ဆိုင်ကယ်၊ တီဗီ၊ ဖုန်း၊ လယ်ယာ၊ အိမ်၊ ဘုရားကျောင်း၊ရေလှောင်ကန် ၊နွား၊နွားလှည်း စသည့်တို့ကို အမျိုးသား နှင့် အမျိုးသမီးအတူတကွ သုံးစွဲပြီး အတူတကွထိန်း ချုပ် ဆုံးဖြတ်ကြပါသည်။ ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများကို အမျိုးသမီးများကသာထိန်းချုပ်သည်သာမက ကြက်၊ဝက် ရောင်းဝယ်ရာတွင် လည်း အမျိုးသမီးများကသာဆုံးဖြတ်ဆောင်ရွက်ကြပါသည်။ ပြောင်းနှင့်ပဲစဉ်းငုံ ရောင်းဝယ်ရာ တွင် အမျိုးသားများမှသာ ဦးဆောင်ပြီးဆုံးဖြတ်ကြပါသည်။ ထိုသို့ဆုံးဖြတ်ရခြင်းမှာ အမျိုးသားများသည် ဈေးနှုန်း အခြေ အနေ နှင့် ရောင်းချ ရမည့် နေရာများပိုမိုသိရှိကျွမ်းဝင်သောကြောင့်ဖြစ်ပါသည်။ ပိုင်ဆိုင်မှုအများစုကို အမျိုးသားနှင့် အမျိုးသမီး အတူတကွ သုံးစွဲထိန်းချုပ်ကြပါသည်။ ဆုံးဖြတ်ချက်ချရာတွင်လည်း အတူတကွ တိုင်ပင်ဆုံး ဖြတ်ကြ ပါသည်။ ကျေး ရွာရှိ အိမ်ထောင်စုများသည် အမျိုးသားဦးဆောင်သော အိမ်ထောင်စုများရှိ သကဲ့သို့ အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စုများလည်းရှိပါသည်၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များ သည် လည်း တောင်ယာ လုပ်ငန်း များဖြင့် သာအသက်မွေးဝမ်းကြောင်းပြုကြပါသည်၊ ကျေးရွာရှိ အမျိုးသမီးများအချို့သည် ပြောရဲဆိုရဲမရှိခြင်းနှင့် ဆုံးဖြတ်ချက် ချရာများတွင်အားနည်းနေပါသည်။ အမျိုးသမီးများကို ပိုမိုဦးစားပေး လက်တွဲ ခေါ်ခြင်းဖြင့် ကျေးရွာ၏လုပ်ငန်းများတွင်ပိုပြီး ပူးပေါင်းပါဝင်လာပြီး ပြောရဲဆိုရဲရှိလာမည်ဖြစ်သည်။


# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

ပျားကန်ကျေးရွာတွင် အိမ်ခြေ (၂၄) အိမ် ရှိပြီး ကယား၊ ကယန်း၊ ကရင်၊ ကယော၊ ဂေဘား စသော လူမျိုးများနေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သောကျေးရွာဖြစ်ပါသည်။ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင် ပြီး အသက်မွေးကြသောကျေးရွာဖြစ်ပါသည်။ တောင်ယာများတွင် ပြောင်း၊ ပဲစဉ်းငုံ တို့ကိုအဓိကစိုက်ပျိုးပြီးပဲအမျိုးမျိုး၊ ဖရုံသီး၊ သခွားသီးစသည့်တို့ကို အိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအ မှီပြုမိသားစု၏ စားဝတ်နေရေး ပြဿနာကိုဖြေရှင်းကြရပါသည်။ ပဲစဉ်းငုံနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ ပျားကန်ကျေးရွာရှိ ရွာသူ၊ရွာသားများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ခဲ့ကြသောတောင်သူများ ဖြစ်သော်လည်း ကိုယ်ပိုင် စိုက်ပျိုးမြေများမရှိသဖြင့် အနီးအနားရှိ ကျေးရွာ၏တောင်ယာများကို လုပ်အားအငှား လိုက်ရခြင်းသော်လည်းကောင်း ၊ စိုက်ပျိုး မြေငှား ရမ်း ရခြင်းသော်လည်းကောင်း လုပ်ကိုင်ကြပါသည်၊ အချို့မှာ  တစ်နေ့လုပ်တစ်နေ့စားကြုံရာကျဘမ်း အလုပ်လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းများသွားရောက် လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက်၊ ဝက်မွေးမြူးခြင်း၊ ခြံအငှားလိုက်ရှင်းလင်းခြင်းဖြင့်ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ ကျေးရွာလူထုများသည် အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင် ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။

ပျားကန်ကျေးရွာတွင် စာသင်ကျောင်းများ ဆေးပေးခန်းများမရှိပါ။ ကလေးများသည် ရွာအနီးရှိ ထီးသူးကူးအလယ်တန်း စာသင်ကျောင်းတွင်ပညာသင်ယူကြပါသည်။ အထက်တန်း ပညာရပ်များကိုနွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာ သင်ယူကြရ ပါသည်။ ယခုအချိန်တွင် ကျေးရွာတွင်ပညာတတ်ဦးရေမှာ တဖြည်းဖြည်း ပေါ်ထွက်လာပါသည်။ ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်ပြီးအခက်အခဲများ ရှိပါကကိုယ်ဝန် ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စု ကျေးလက်ကျန်းမာရေး ဌာနခွဲတွင်သွားရောက်ဆေးကုသမှုခံယူကြပြီး အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော် ဆေးရုံကြီးတွင်သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသား လမ်းများဖြစ်သောကြောင့် မိုးရာသီတွင်သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင် အိမ်ခြေနည်း သော်လည်း ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ကြပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ -** **မှတ်တမ်းတင်သူ**


ကျား - ၁၄ အမည်- ဒေါ်နော်ထူးထူးအောင်

မ - ၂၃ ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

ပျားကန်ကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့် မိသားစု၏ ကျန်းမာရေးကိစ္စများနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများတွင် အမျိုးသားများထက် အားနည်းသောကြောင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများနှင့်သာပိုမို အချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း မရှိခြင်းကြောင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိမှု နည်းပါးကြပါသည်။ ထို့သို့ ဝင်ငွေရရှိခြင်း နည်းသောကြောင့် အမျိုးသမီးများသည် ခြံအငှားလိုက်ရှင်းလင်းခြင်း လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့်ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခတန်းတူရရှိကြပါသည်။ပျားကန်ကျေးရွာတွင် ရှေးရိုးစွဲအယူအဆကြောင့် အမွေရပိုင်ခွင့်တွင် အမျိုးသမီးများသည် အမွေရရှိခြင်းမရှိဘဲ အမျိုးသားသည်အမွေရပိုင်ခွင့်ရှိကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့် လူမှုရေးနှင့်ဘာသာရေးများတွင်အမျိုးသားနှင့် အမျိုးသမီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာ ပြောရဲဆိုရဲမှု အားနည်းနေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှုနှင့်ဆုံးဖြတ်ချက်ချရာတွင်အားနည်းနေကြပါသည်။ အမျိုးသမီးများကို အသိပညာပေး ဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမိုလက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ဆုံးဖြတ်ချက်များချနိုင်စေရန် နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

## အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

ပျားကန်ကျေးရွာတွင် ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် ရာအိမ်မှူး၊ လူငယ်အဖွဲ့ ၊ အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့၊ စန်းဒေးစကူးအဖွဲ့ စသည့်အဖွဲ့အစည်းများ ရှိပါသည် ။ထိုအဖွဲ့များအားလုံးသည် ကျေးရွာ၏ သာရေး/ နာရေး /ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် အတူတကွချိတ်ဆက်ပြီးဆောင်ရွက်ကြပါသည် ။ကျေးရွာရှိ အဖွဲ့အ စည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။

CDD အဖွဲ့သည် ကျေးရွာတွင် ကော်မတီများဖွဲ့ပြီး ထိုကော်မတီများ ကို သင်တန်းများ ပေးခြင်းနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန် တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများ သည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းမျာကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဦးစီးဌာနသည် ကျေးရွာတွင်ရေ လုံလောက်မှုရရှိစေရန် ရေသွယ်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ပေးခြင်းဖြင့် ကျေးရွာ လူထုရေလုံလောက်မှုရရှိစေရန်ဆောင်ရွက်ပေးပါသည်။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**
၁။ ဦးယိုရှု
၂။ ဒေါ်ရှားမြာ

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**
၁။ ဦးဖဲကီ
၂။ ဒေါ်လာစီ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**
၁။ ဦးစိုးရယ်
၂။ ဒေါ်မေဖော

**ဝယ်ယူရေးကော်မတီ**
၁။ ဦးဆာကပေါ်
၂။ ဒေါ်ချူးမေသော

**စေတနာ့ဝန်ထမ်း**
၁။ ဦးသာအေး
၂။ ဒေါ်နဲမူ

**ဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်ရေးကော်မတီ**
၁။ ဦးဘသောင်း
၂။ ဒေါ်ဂျူးဒစ်ဖော

**ငွေစာရင်းကိုင်**
၁။ ဦးဘယ်လာထွေး

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄


မ- ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




**ပါဝင်ဆွေးနွေးသူ -**
ကျား - ၄၃
မ-၃၃

**မှတ်တမ်းတင်သူ**
အမည်- ဒေါ်နော်ထူးထူးအောင်
ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးဆောဘေဟော | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉၂၆၂၆၁၅၀၂၄ | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ရော်ထူးထူးအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ဖရူဆို | | ကျေးရွာအုပ်စု ဒိုးယို | | ကျေးရွာ ပျားကန် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကယား | ၁၄ | ဘာသာ (၁) ခရစ်ယာန် | ၂၄ |
| လူမျိုးစု (၂) ---ကယော | ၂ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ---ကရင်<br>ကယန်း<br>ဂေဘား | ၃<br>၄<br>၁ | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၀ | ၆၉ |
| လူမျိုးစု (၁)------ကယား | ၄၃ | ၃၄ |
| လူမျိုးစု (၂)------ကယော | ၅ | ၅ |
| လူမျိုးစု (၃)------ကရင် | ၈ | ၇ |
| ကယန်း | ၁၂ | ၁၉ |
| ဂေဘား | ၃ | ၄ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၀ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *ှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? | ရှိပါသည်/(မရှိပါ)/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်--------/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ |

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်----------၁၅ မိနစ်------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ✓ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဆောဂေလာ

လက်မှတ် [illegible] နေ့စွဲ ၉.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၉.၁၀.၂၀၁၇

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ထူးထူးအောင် | | | | | | | |
| နေ့စွဲ ၁၃ · ၁၀ · ၂၀၁၇ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း ကယား | | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု နွားလရှိ: | | ကျေးရွာ မျှားကန် | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၃.၁၀.၂၀၁၇ | ၁၃.၁၀.၂၀၁၇ | ၁၃ | ၁၀ | ၂၃ | ပရဲ့ကယော ၇<br>ကယန်း ၃<br>ကယား ၁၃ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၃.၁၀.၂၀၁၇ | ၁၃.၁၀.၂၀၁၇ | ၁၃ | ၁၀ | ၂၃ | ပရဲ့ကယော ၇<br>ကယန်း ၃<br>ကယား ၁၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၂၀၁၇ | ၁၀.၁၁.၂၀၁၇ | ၄၃ | ၃၃ | ၇၆ | ကယား ၂၈ ရှမ်း - ၃<br>ကယန်း ၁၂ ကချင် - ၆<br>ပအိုဝ်း ၂၅ ဗမာ - ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ထူးထူးအောင် | | | |
| နေ့စွဲ ၁၃.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖိုင်ကော် | ကျေးရွာအုပ်စု နွားလရိ | ကျေးရွာ မျှားကနဲ |

က။ **အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်း အစည်းအဝေးပြုလုပ်ရန် နှင့် ဘာသာရေး၊ နာရေးများ ဆောင်ရွက် | ၁ | ရွာတွင်းလမ်းများ သွားလာရန် ခက်ခဲခြင်း |
| ၂ | ရန်နေရာမရှိခြင်း | ၂ | - စားဝတ်နေရေး အဆင်မပြေခြင်းကြောင့် အိမ်ထောင်ရေး အချို့မှာ မရရှိသောအခက်အခဲရှိခြင်း |
| ၃ | - မိုးရာသီတွင် ရွာတွင်းလမ်းများ သွားလာ | ၃ | - ကျေးရွာတွင် ရွာလုံးကျွတ် သင်တန်း၊ အစည်းအဝေး |
| ၄ | ရန်ခက်ခဲခြင်း | ၄ | ပြုလုပ်ရန် နေရာမရှိခြင်း |
| ၅ | - ကျန်းမာရေး ထောက်ပံ့မှု မရှိခြင်း | ၅ | - ကလေးသူငယ်များ မဟုတ်သူတရှိရန် အတွက် |
| ၆ | - လျှပ်စစ်မီး လုံလောက်စွာမရရှိသေး | ၆ | စာဖတ်ရန် နေရာမရှိခြင်း |
| ၇ | သဖြင့် ကလေးများ ပညာရေးအတွက် | ၇ | - မူကြိုအရွယ်ကလေးများ အတွက်ပညာ |
| ၈ | ခက်ခဲခြင်း | ၈ | သင်ကြားရန် အခက်အခဲရှိခြင်း |
| ၉ | - ကျေးရွာတွင် ရေမြောင်း မကောင်းခြင်း | ၉ | |
| ၁၀ | ရေဝပ်သောကြောင့် ကလေးများသွားလာရန်ခက်ခဲခြင်း | ၁၀ | |

ခ။ **မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အစည်းဝေးပြုလုပ်ရန် နေရာရရှိရန် | ၁ | ရွာတွင်းလမ်းများ အဆင်ပြေစွာသွားလာနိုင်ရန် |
| ၂ | - ရွာတွင်းလမ်းများ အဆင်ပြေစွာသွား | ၂ | - ရွာတွင်း အားလုံး မီးရရှိရန် |
| ၃ | လာနိုင်ရန် | ၃ | - အစည်းအဝေးများ ပြုလုပ်ရန် နေရာရရှိခြင်း |
| ၄ | - လျှပ်စစ်မီး လုံလောက်စွာ အိမ်တိုင်း | ၄ | - ကလေးငယ်များ စာဖတ်ရန်နေရာ စာကြည့်တိုက် ရရှိရန် |
| ၅ | ရရှိရန် | ၅ | - မူကြိုအရွယ်ကလေးငယ်များ ပညာသင်ကြား |
| | - ကျန်းမာရေး ထောက်ပံ့မှု ရရှိရန် | ၆ | ရန်နေရာ ရရှိခြင်း |
| | - ရေနုတ်မြောင်းများ၊ တံတားများ | ၇ | |
| | ကောင်းမွန်လာစေရန် | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးခန်းမဆောင် | ကျ+မ | | ၁၃၉ ဦး |
| ၂ | အသစ်တည်ဆောက်ခြင်း | | | |
| ၃ | စာကြည့်တိုက် အသစ်တည် | မ | | |
| ၄ | ဆောက်ခြင်း | | | |
| ၅ | မူကြိုကျောင်း အသစ် | မ | | |
| ၆ | တည်ဆောက်ခြင်း | | | |
| ၇ | ရေနုတ်မြောင်း ၄င်တံတား | ကျ+မ | | |
| ၈ | ရွာတွင်းလမ်း | ကျ+မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဓာတ်တိုင်တိုးချဲ့၊ လျှပ်စစ်မီး | ကျ+မ | |
| ၂ | အိမ်တွင်းမှုသင်တန်း | မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------ဦးယိရှ------ လက်မှတ် ------ယိရှ------ နေ့စွဲ------၁၃.၁၀.၂၀၁၇------

ပထမအကြိမ် ၊ ဒုတိယအကြိမ် ...................................................... အစည်းအဝေးအစီရင်ခံစာ

| | | | | | |
|---|---|---|---|---|---|
| နေ့ရက် | ၁၃ . ၁၀ . ၂၀၁၇ | အချိန် | မှ | | ထိ |
| နေရာ | ဘုရားကျောင်း | ကျေးရွာအုပ်စု/ကျေးရွာ | ဘုရားလပြိုးအုပ်စု / ဖျားကနဲ | | |
| မြို့နယ် | လွိုင်ကော် | ပြည်နယ် | ကယား | | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | ဖွင့်ပွဲဆောင်ရွက်ခြင်း ၊ လူထုဗဟိုပြု စီမံကိန်း မိတ်ဆက် ၊ စီမံကိန်း စက်ဝန်း ၊ |
| ၂ | ကျေးရွာ စီမံခန့်ခွဲမှု အဖွဲ့များ ပြန်လည်သုံးသပ် ဖွဲ့စည်းခြင်း ၊ လူမှုဆန်းစစ်ခြင်း ၊ |
| ၃ | အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပြန်လည် အတည်ပြုခြင်း ၊ |
| ၄ | နောက်လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်း ၊ အကာအကွယ် နှင့် စံနှုန်းများအား ရှင်းလင်းခြင်း၊ |
| ၅ | အစည်းအဝေး ပိတ်သိမ်းခြင်း နှင့် ကျေးဇူးတင်စကား ပြောကြားခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်း မိတ်ဆက် နှင့် စီမံကိန်း စက်ဝန်းများအား ပြန်လည်ရှင်းပြခြင်း | ဒေါ်နော်ထူးထူးအောင် |
| - စေတနာ့ဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ပြန်လည်ရွေးချယ်ခြင်း | ဒေါ်အိအိထွေး |
| - ပထမနှစ် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်းများကို ပြန်လည်သုံးသပ်ခြင်း | ဒေါ်အိဖြိုးဟန် |
| - အခက်အခဲ ၊ မျှော်မှန်းချက်နှင့် ပထမနှစ် စက်ဝန်းမှ ရွေးချယ်ထားသော စီမံကိန်း လုပ်ငန်းခွဲများအား ပြန်လည်ဆွေးနွေးခြင်း | |
| - အကျုံးဝင်သောလုပ်ငန်း ၊ အကာအကွယ်များ နှင့် စံနှုန်းများအား ဆွေးနွေး ရှင်းလင်းခြင်း | |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ကျေးရွာမှ စေတနာ့ဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့များ ပြန်လည် ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ ကော်မတီများ ပထမနှစ် စက်ဝန်း အတွေ့အကြုံ အရ ရှိရှိ ကျွမ်းကျင်ပြီး လုပ်ဆောင်နိုင်သောကော်မတီ များတွင် ပါဝင်နိုင်ရန် နေရာအပြောင်းအလဲ ပြုလုပ်ပြီး ကော်မတီ ဖွဲ့စည်းခဲ့ကြပါသည်။ လူမှုဆန်းစစ်ခြင်းတွင်လည်း လိုအပ်သော အချက်များကို ထပ်မံဖြည့်စွက် ဆွေးနွေးခဲ့ကြပါသည်။

အကြံပြုချက်များ-

မှတ်တမ်းပြုစုသူ ဒေါ်နော်ထူးထူးအောင်

ရာထူး - လူထုစည်းရုံးရေးမှူး

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | အစည်းအဝေးခန်းမဆောင် တည်ဆောက်ခြင်း။ | မ ( √ )<br>ကျား (√ ) | | | |
| | ၂ | စာကြည့်တိုက်အသစ်တည် ဆောက်ခြင်း | မ ( √)<br>ကျား( ) | | | |
| | ၃ | ရေနုတ်မြောင်းနှင့်ရေကျော်တံတား | မ ( √ )<br>ကျား(√ ) | | | |
| | ၄ | ရွာတွင်းလမ်း | မ ( √ )<br>ကျား(√ ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | အိမ်တွင်းမှုသင်တန်း | မ (√ )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေး ပညာရေး | ၁ | | မ( )<br>ကျား() | | | |
| | ၂ | | မ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ဘေးအန္တရာယ် | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| သဘာဝဘေး | ၁ | မူကြိုကျောင်း အသစ်တည်ဆောက် ခြင်း။ | မ (√ )<br>ကျား() | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အငြင်း | ၁ | ဓာတ်တိုင်တိုးချဲ့ခြင်း | မ (√ )<br>ကျား( √) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အစည်းအဝေးခန်းမဆောင် တည်ဆောက် ခြင်း | ၁ | | | √ | |
| ၂။ | စာကြည့်တိုက်အသစ်တည် ဆောက်ခြင်း | ၂ | | √ | | |
| ၃။ | မူကြိုကျောင်းအသစ်တည် ဆောက်ခြင်း | ၃ | | √ | | |
| ၄။ | ရွာတွင်းလမ်း | ၄ | | | √ | |
| ၅။ | ဓာတ်တိုင်တိုးချဲ့ခြင်း | ၅ | | | √ | |
| ၆။ | ရေနုတ်မြောင်း နှင့် ရေကျော် တံတား | ၆ | | | √ | |
| ၇။ | အိမ်တွင်းမှုသင်တန်း | ၇ | | √ | | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၄

မ - ၂၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



